ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်

P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

## ကရင်နီ(ကယား) ပြည်နယ် နေရာဒေသအနှံ့သို့ အိမ်စောင့်အစိုးရ၏ စစ်တပ်များ စေလွှတ်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို နေ့စဉ် ခြိမ်းခြောက်အန္တရာယ်ပြုနေသည့်အပေါ် အများပြည်သူများနှင့် နိုင်ငံတကာ လူမှုအသိုင်းအဝန်းတို့မှ သိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်

ဗမာပြည်၏ အာဏာသိမ်းစစ်ကောင်စီတဖြစ်လဲ အိမ်စောင့်အစိုးရသည် မကြာခင်ကပင် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး အကန့်အသတ်ဖြင့် စဉ်ဆက်မပြတ် ထုတ်ပြန်ထားသော်ငြားလည်း ဤသို့ထုတ်ပြန်ထားခြင်းကို အခွင့်ကောင်းယူလျှက် မိမိတို့၏စစ်တပ်များကို ကရင်နီ(ကယား) ပြည်နယ် နေရာဒေသအနှံ့သို့ စေလွှတ်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ အောက်ပါအတိုင်း နေ့စဉ် ခြိမ်းခြောက်လုပ်ဆောင်နေသည်ကို အများပြည်သူများနှင့် နိုင်ငံတကာလူမှုအသိုင်းအဝိုင်းတို့မှ သိရှိနိုင်ရန် ထုတ်ပြန်အပ်ပါသည်။

၁။ မြို့ပြင်နှင့် တောရပ်ဒေသများသို့ ပြည်သူကာကွယ်ရေးတပ်ဖွဲ့ဝင်များကို အကြောင်းပြပြီး ကျေးရွာများအတွင်းသို့ ဝင်ရောက်ကာ အိမ်များအား ဖောက်ထွင်းလျှက် ပစ္စည်းများ အတင်းယူငင်သွားခြင်း၊ ကြက် ဝက်များ ဖမ်းဆီးသွားခြင်းများအပြင် ခြိမ်းခြောက်မှုများ နေ့စဉ် ပြုလုပ်နေပါသည်။

၂။ ဤသို့ အာဏာသိမ်းစစ်တပ်ဖွဲ့များအနေဖြင့် တောနင်းပြီး ကျေးလက်ဒေသများရှိ ပြည်သူများအား ရှာဖွေနေခြင်းသည် ယခင်လများနှင့် လက်ရှိဖြစ်ပွားနေခဲ့သည့် တိုက်ပွဲများ ရန်မှ တိမ်းရှောင် ပုန်းအောင်းနေသည့် ပြည်သူများနှင့် တောင်ယာစိုက်ခင်းများအတွင်း လုပ်ကိုင်စားသောက်နေရသည့် ပြည်သူများအတွက် အသက်အန္တရာယ်လုံခြုံမှု မရှိစေသည့်အပြင် တိုက်ပွဲများမှ လွတ်ကင်းရာသို့ ထပ်မံ တိမ်းရှောင်စေရန် ဖြစ်ပေါ်စေပါသည်။

၃။ စစ်ကောင်စီတပ်ဖွဲ့ဝင်များအနေဖြင့် ထိုသို့တောနင်းကာ ပြည်သူကာကွယ်ရေးတပ်ဖွဲ့ဝင်များ ရှာဖွေရေးအကြောင်းပြချက်ကြောင့် စစ်ရေးလှုပ်ရှားမှုနှင့် နယ်မြေစိုးမိုးမှုများသည် ဒေသအတွင်း လှုပ်ရှားနေသည့် ကရင်နီပြည်တပ်မတော်တပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများကို နေ့စဉ် ရက်ဆက် ဖြစ်ပေါ်စေလျှက် ရှိပါသည်။

၄။ ထို့အပြင် ကမ္ဘာတစ်ဝှမ်း လျင်မြန်စွာ အသွင်ပြောင်းကူးစက်ပြန့်ပွားလာနေသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအား ပြည်သူလူထုများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ရွာ၊ ရပ်ကွက်၊ မြို့များတွင် တနိုင်

တပိုင် ကာကွယ်ထိန်းချုပ်မှုအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ကြသည်ကိုလည်း စစ်ကောင်စီ တပ်များမှ တားမြစ်ဖျက်ဆီးနေသည်ကိုလည်း ပြည်နယ်အတွင်း နေရာအနှံ့အပြားတွင် တွေ့မြင်နေရပါသည်။

အထက်ပါ စစ်ကောင်စီ၏ ပြုမူဆောင်ရွက်နေမှုများသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူထုဘဝလုံခြုံမှုများအတွက် ကြီးမားသော အတားအဆီးများ ဖြစ်နေသည့်အပြင် ပြည်သူလူထု၏ အသက်အန္တရာယ်အား ခြိမ်းခြောက်မှုဖြစ်စေခြင်း၊ ပြည်နယ်အတွင်း အငတ်ဘေးနှင့်ထပ်မံ ဆင့်ပွားရင်ဆိုင်ရမည့် အခြေအနေသို့ တွန်းပို့စေခြင်းများ ဖြစ်စေသည့်အတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ အထူးစိုးရိမ်ပူပန်ရပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းရှိ လူမှုကူညီစောင့်ရှောက်သည့် အသင်းအဖွဲ့များအပြင် နိုင်ငံတကာအစိုးရများနှင့် လူမှုအသိုင်းအဝန်းများမှ လူမှုရေးဆိုင်ရာအကူအညီများ ဆောလျင်စွာ ပိုမိုပံ့ပိုးကူညီဆောင်ရွက်ပေးရန်နှင့် ကူညီကာကွယ်စောင့်ရှောက်မှုပြုနိုင်ရန် မေတ္တာရပ်ခံပန်ကြား အသိပေးထုတ်ပြန်အပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်